# WNYCOSH အလုပ်သမားစင်တာ

## သင်၏ လုပ်ပိုင်ခွင့်များကို သိထားပါ

### အနည်းဆုံး လုပ်ခလစာ

**တစ်နာရီလျှင် $15.00**

မွေးမြူရေးလုပ်သားများသည် လစာရရှိမည့် ပုံစံနှင့် အလုပ်လုပ်ရမည့်အခြေအနေများကို ဆုံးဖြတ်ပေးသော "မွေးမြူရေးလုပ်ငန်း သဘောတူညီချက်" နှင့်အတူ အနည်းဆုံးလုပ်ခလစာ တစ်နာရီလျှင် $15.00 ရရှိပါသည်။

### အနည်းဆုံး လုပ်အားခပေးမည့် အချိန်ဇယား*

| နှစ် | တစ်နာရီလျှင် အနည်းဆုံးလုပ်အားခ |
|---|---|
| 2024 | $15.00 |
| 2025 | $15.75 |

*နယူးယောက် မြို့ပြင်ပ

### ဘောက်ဆူးပေးသည့် အလုပ်သမားများ

- အလုပ်ရှင်မှပေး၍ဖြစ်စေ သို့မဟုတ် ဘောက်ဆူးအနေဖြင့်ဖြစ်စေ အနည်းဆုံး $2.50 နှင့် တစ်နာရီလျှင် လုပ်အားခ $12.50
- အနည်းဆုံး လုပ်အားခ မြင့်တက်လာသည်နှင့်အမျှ ရရှိသည့် ဘောက်ဆူး သို့မဟုတ် အလုပ်ရှင်မှပေးသည့် ပမာဏသည်လည်း မြင့်တက်ပါသည်
- ဘောက်ဆူးပေးထားသည့် အလုပ်သမားများအတွက် အချိန်ပိုစည်းကမ်းချက်များ ရှိပါသည်
- ဘောက်ဆူး သို့မဟုတ် ဆုကြေးရရှိသည့် အလုပ်သမားများသည် ၎င်းတို့၏ ဘောက်ဆူးများကို အလုပ်ရှင်မှဖြစ်စေ၊ အလုပ်ရှင်၏ ကိုယ်စား တစ်ဦးတစ်ယောက်မှဖြစ်စေ တိုက်ရိုက် သို့မဟုတ် သွယ်ဝိုက်၍ တောင်းဆိုခံရခြင်း သို့မဟုတ် ဖိအားပေးခံရခြင်း မရှိစေရ။

### ယာယီ အလုပ်သမားများ၏ ရပိုင်ခွင့်များ

ယာယီအလုပ်သမားများတွင် အောက်ပါရပိုင်ခွင့်များ ရှိပါသည်-

- ၎င်းတို့အသုံးပြုသည့် အေဂျင်စီနှင့် အိမ်ရှင်အလုပ်ရှင်နှစ်ဦးစလုံး ၏ ခွဲခြားဆက်ဆံခံရခြင်း မရှိစေရ
- အလုပ်ရှင်၏ အမြဲတမ်းအလုပ်သမားများနည်းတူ ထပ်တူဖြစ်သော သို့မဟုတ် သာတူညီမျှသော ဘေးကင်းရေးဆိုင်ရာ လေ့ကျင့်သင်ကြားပေးမှု ရရှိရန်
- အနည်းဆုံး လုပ်အားခ

### ဘေးကင်း၍ ကျန်းမာရေးနှင့်ညီညွတ်သော လုပ်ငန်းခွင်တွင် လုပ်ကိုင်ခွင့်

အမေရိကန်ပြည်ထောင်စု၏ ကျန်းမာရေးနှင့် ဘေးကင်းရေးဆိုင်ရာ ဥပဒေများအရ သင့်တွင် အောက်ပါလုပ်ပိုင်ခွင့်များ ရှိပါသည်-

- လေ့ကျင့်သင်ကြားပေးမှုကို သင်နားလည်သည့် ဘာသာစကားဖြင့် ရရှိခွင့်
- ဘေးကင်းပြီး အသိအမှတ်ပြုထားသည့် ဘေးအန္တရာယ်များကင်းရှင်းသော လုပ်ငန်းခွင်တစ်ခု
- ကျန်းမာရေးနှင့် ဘေးကင်းရေးဆိုင်ရာ ကိစ္စရပ်များကို သင်၏ကြီးကြပ်ရေးမှူးထံ တင်ပြနိုင်ခွင့်
- ဘေးမကင်းသော သို့မဟုတ် ကျန်းမာရေးနှင့် မညီညွတ်သော အခြေအနေများကို OSHA သို့ တိုင်ကြားပိုင်ခွင့်
- သင့်အား ချက်ချင်းအန္တရာယ်ရှိစေနိုင်မည်ဟု သင်ယူဆသည့် အလုပ်တာဝန်တစ်ခုအား ပြုလုပ်ဖို့ ငြင်းဆိုပိုင်ခွင့်
- သင်၏ လုပ်ငန်းခွင်ရှိ ဘေးအန္တရာယ်များအကြောင်း သိရှိထားပိုင်ခွင့်
- ဘေးကင်းရေးဆိုင်ရာ အန္တရာယ်များအား အစီရင်ခံသည့်အတွက် ခွဲခြားဆက်ဆံခြင်း မခံရရန် (အလုပ်ထုတ်ပစ်ခြင်း၊ ဆိုးရွားသည့် အလုပ်တာဝန်ပေးခံရခြင်း၊ စသည်) (မှားယွင်းသည့်အပြုအမူများကို တိုင်ကြားသူအား ကာကွယ်ပေးမှုများ)
- ဆေးစစ်ချက်များနှင့် အန္တရာယ်ရှိသော ပစ္စည်းများအတွက် သင့်အလုပ်ပတ်ဝန်းကျင်အား စောင့်ကြပ်ကြည့်ရှုသည့် စစ်ဆေးချက်များ၏ မှတ်တမ်းများကို ရယူဖတ်ရှုခွင့်
- သင့်အလုပ်ခွင်တွင် ဖြစ်ပွားသည့် ထိခိုက်ဒဏ်ရာရရှိမှုများနှင့် ဖျားနာမှုများနှင့် ပတ်သက်သည့်အချက်အလက်ကို ရယူဖတ်ရှုပိုင်ခွင့်

**2495 Main Street • Suite 438 • Buffalo, NY 14214 • WNYCOSH.ORG • (716) 833-5416**

Burmese

## အချိန်ပို

အလုပ်သမားအများစုသည် ရက်သတ္တပတ်လျှင် နာရီပေါင်း 40 ကျော် အလုပ်လုပ်ခဲ့သည့်အချိန်အားလုံး အတွက်ပုံမှန်လုပ်အားခ၏ 1 1/2 ဆ ရရှိခံစားပိုင်ခွင့်ရှိပါသည်

မွေးမြူရေးအလုပ်သမားများ၏

- အချိန်ပိုအလုပ်အတွက် ခြွင်းချက်များရှိပါသည်-
- အလုပ်အမှုဆောင် ဝန်ထမ်းများ- အလုပ်ခန့်ခြင်း/အလုပ်ထုတ်ခြင်းပြုလုပ်နိုင်ပြီး နှစ်ဦး သို့မဟုတ် နှစ်ဦးထက်ပိုသော ဝန်ထမ်းများကို ပုံမှန်စီစဉ်ညွှန်ကြားသည့်သူများ
- ပညာရှင် ဝန်ထမ်းများ- 4- နှစ်တက်ရောက်ရသည့် ဘွဲ့ရရှိထားသူများ သို့မဟုတ် တီထွင်ဖန်တီး လုပ်ဆောင်ရသည့်သူများ
- စီမံအုပ်ချုပ်ရေး ဝန်ထမ်းများ- ကိုယ်ပိုင်ဆုံးဖြတ်ပိုင်ခွင့်နှင့် လွတ်လပ်စွာ ထင်မြင်ယူဆနိုင်သူ သို့မဟုတ် စီမံခန့်ခွဲမှုပိုင်းဆိုင်ရာ မူဝါဒများနှင့် ဆက်စပ်သည့် ရုံးအလုပ်များ လုပ်ရသူ/ဦးနောက်သုံး၍ အလုပ်လုပ်ရသူများ

## လစာပေးသည့် ကြိမ်နှုန်း

အလုပ်သမားအများစုသည် အလုပ်လက်ခံထားသည့်ရက်မှစ၍ 7 ရက်အတွင်း လစာရရှိရမည်

## ခွဲခြားဆက်ဆံခံရမှုမှ ကင်းလွတ်ခွင့်

ခေါင်းစဉ် VII နှင့်နယူးယောက်ပြည်နယ် လူ့အခွင့်အရေးဌာနက အလုပ်သမားများအား ခွဲခြားဆက်ဆံခံရခြင်း မရှိစေရန် ကာကွယ်ပေးပါသည်။

## ခွဲခြားဆက်ဆံခံရခြင်းမှ ကာကွယ်ပေးထားသည့် အုပ်စုများ

- လူမျိုး
- အသားအရောင်
- မူရင်းနေရပ်နိုင်ငံ
- ကိုးကွယ်ယုံကြည်မှု
- ကျား/မ ဖြစ်မှု
- မသန်စွမ်းမှု
- လိင်စိတ်ထက်သန်မှု
- တပ်မတော်စစ်မှုထမ်းမှု
- အထုံပါသော မျိုးရိုးဗီဇ လက္ခဏာများ
- မိသားစုအခြေအနေ
- အိမ်ထောင်ရှိမရှိ
- ပြည်တွင်းအကြမ်းဖက်မှု၏ သားကောင်ဖြစ်ခြင်း
- ကိုယ်ဝန်ရှိမှု
- နိုင်ငံရေး လှုပ်ရှားမှုများ (အလုပ်ပြင်ပ)
- အပန်းဖြေလုပ်ဆောင်ချက်များ (အလုပ်ချိန်ပြင်ပ)
- အလုပ်သမားသမဂ္ဂ အဖွဲ့ဝင်ဖြစ်မှု

## မှားယွင်းသည့်အပြုအမူများကို တိုင်ကြားသူအား ကာကွယ်ပေးမှု

မည်သည့်အစိုးရအေဂျင်စီထံမဆို တိုင်ကြားသော သို့မဟုတ် အမှုဖွင့်သော ဝန်ထမ်းတစ်ဦးအား ပြစ်ဒဏ်ပေးခြင်း သို့မဟုတ် အလုပ်ထုတ်ပစ်ခြင်းသည် တရားမဝင်ပါ

အစိုးရအေဂျင်စီတစ်ခုထံတွင် အလုပ်ရှင်ကို သဘောရိုးဖြင့် တိုင်ကြားမှုအတွက် အလုပ်ရှင်တစ်ဦးသည်ဝန်ထမ်းများအား အပြစ်ပေး၍ မရပါ

အလုပ်ရှင်တစ်ဦးသည်အောက်ပါနည်းဖြင့် လက်တုံ့ပြန်ခြင်းအတွက် တာဝန်ယူရမည်-

- အလုပ်ထုတ်ခြင်း/အလုပ်ဖြုတ်ခြင်း
- အမည်ပျက်စာရင်းသွင်းခြင်း
- ရာထူးချခြင်း
- အချိန်ပိုဆင်းစေခြင်း/ရာထူးတိုးပေးမှုကို ငြင်းဆိုခြင်း
- အလုပ်ခန့်/ပြန်ခန့်အပ်ရန် မလုပ်ဆောင်ခြင်း
- ခြိမ်းခြောက်ခြင်း
- ခြိမ်းခြောက်မှုများ ပြုလုပ်ခြင်း
- လခလျှော့ခြင်း
- အချိန်လျှော့ခြင်း
- စည်းကမ်းကြပ်ခြင်း
- အကျိုးခံစားခွင့်များပေးရန် ငြင်းဆိုခြင်း
- ရာထူးတိုးရန်အလားအလာများကို ထိခိုက်စေနိုင်သည့်ပြန်လည်နေရာချထားမှု

## အလုပ်သမားများ၏ နစ်နာကြေးရပိုင်ခွင့်

သင်သည် အလုပ်တွင် ထိခိုက်ဒဏ်ရာ ရရှိပါက-

- သင့်အား "ဝင်ငွေအဖြစ် မှတ်တမ်းတင်မထားသည့် အခကြေးငွေ" သို့မဟုတ် "တရားမဝင် ပေးငွေ" ပေးထားသည့်တိုင် အလုပ်သမားများ၏ နစ်နာကြေးအာမခံငွေကို ခံစားခွင့်ရှိပါသည်။
- သင့်အလုပ်ရှင်မှတစ်ဆင့် အလုပ်သမားတောင်းဆိုချက် သို့မဟုတ်  C-3 လျှောက်လွှာကို ဖြည့်စွက်ရပါမည် သို့မဟုတ် (716) 206-3550 ၌ WNYCOSH အလုပ်သမားစင်တာ ၏ အရေးပေါ်ဖုန်းလိုင်းမှ အကူအညီ ရယူနိုင်ပါသည်။